# စွမ်းဆောင်ရည်အောင်မြင်မှု အစီအရင်ခံစာ

WAVE MONEY

## ဇန်နဝါရီလ – စက်တင်ဘာလ ၂၀၂၀




ရက်ပေါင်း ၃၀ သုံးစွဲသူ **၁.၁ မီလီယံ***

*မိုဘိုင်းငွေကြေးအစီရင်ခံခြင်းအတွက် GSMA ၏ကမ္ဘာလုံးဆိုင်ရာစံညွှန်းအရ လက်ရှိမိုဘိုင်းငွေကြေးအကောင့်ဆိုသည်မှာ ရက် ၃၀ သို့မဟုတ် ရက် ၉၀ အတွင်း အနည်းဆုံး ငွေကြေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုအား ပြုလုပ်ထားသည့် မိုဘိုင်းငွေကြေးအကောင့်ဖြစ်သည်။



**မြန်မာကျပ်ငွေ ၈ ထရီလီယံ***
**(အမေရိကန်ဒေါ်လာ ၅.၉ ဘီလီယံ)**

ကို Wave Money မှတစ်ဆင့်လွှဲပြောင်းခဲ့

*မိုဘိုင်းငွေကြေးအစီရင်ခံခြင်းအတွက် GSMA ကမ္ဘာလုံးဆိုင်ရာစံညွှန်းနှင့်အညီ ချမှတ်ထားသော ငွေကြေးဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သည်။



မြန်မာနိုင်ငံအတွင်း Wave Money ၏

**၆၄,၀၀၀+ ကျော်သော ကိုယ်စားလှယ်ကွန်ရက်ဖြင့် နိုင်ငံ၏ ၈၉% အားလွှမ်းခြုံထားကာ ကျေးလက်ဒေသတွင် ၉၀% အထိ လွှမ်းခြုံထား**



စက်တင်ဘာလ ၂၀၂၀ အထိ သုံးစွဲသူဦးရေ

**Unique Customers**

**၂၇+ သန်းကျော်ရှိခဲ့**




ကိုယ်စားလှယ် ဝန်ဆောင်ခအဖြစ်

**မြန်မာကျပ်ငွေ ၆၂ ဘီလီယံကျော်**
**(အမေရိကန်ဒေါ်လာ ၄၆ မီလီယံ)**

ကို ပေးစွမ်းနိုင်ခဲ့

## လူတိုင်းငွေကြေးဝန်ဆောင်မှုများအား လက်လှမ်းမီနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း



အစိုးရ၊ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အငြိမ်းစားအစိုးရဝန်ထမ်းများနှင့် ငွေကြေးဝန်ဆောင်မှုဆိုင်ရာ အလှမ်းဝေးသူများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေလွှဲခဲ့ရာ

**မြန်မာကျပ်ငွေ ၁၇ ဘီလီယံကျော်**
**(အမေရိကန်ဒေါ်လာ ၁၃ မီလီယံ)**

အထိလွှဲပေးနိုင်ခဲ့

**အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ရန်**

## Wave Money သည် လစဉ် WavePay အသုံးပြုသူဦးရေ ၁.၁ သန်းကျော်ဖြင့် စံချိန်တင်လျက်ရှိ

- ၂၀၂၀ ပြည့်နှစ် တတိယ သုံးလပတ်ကာလအကုန်အထိ ငွေလွှဲပမာဏ မြန်မာကျပ်ငွေ ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅.၉ ဘီလီယံ) ထိရောက်ရှိခဲ့
- ယခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်လျှင် စက်တင်ဘာလတွင် WavePay အသုံးပြုသူအသစ် ဦးရေမှာ နေ့စဉ်ပျမ်းမျှ ၁၆၂% အထိ တိုးတက်လျက်ရှိ
- ဇန်နဝါရီလ မှ စက်တင်ဘာလ အထိ ကိုယ်စားလှယ်ဝန်ဆောင်ခအား ၆၂ ဘီလီယံကျပ်ငွေ (အမေရိကန်ဒေါ်လာ ၄၆ သန်း) အထိ ပေးအပ်ခဲ့
- နိုင်ငံတစ်ဝန်းတွင် ကိုယ်စားလှယ်ပေါင်း ၆၄,၀၀၀ ကျော်အထိ တိုးချဲ့နိုင်ခဲ့

**၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ ရန်ကုန်** ။ ။ Wave Money သည် လစဉ် WavePay မိုဘိုင်း ပိုက်ဆံအိတ် အက်ပလီကေးရှင်း အသုံးပြုသူဦးရေ ၁.၁ သန်း ဖြင့် အောက်တိုဘာလတွင် စံချိန်သစ်တင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ မှ စက်တင်ဘာလအတွင်း ငွေလွှဲပမာဏ မြန်မာကျပ်ငွေ ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅.၉ ဘီလီယံ) ထိရောက်ရှိခဲ့ပြီး ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက နေ့စဉ် WavePay အသုံးပြုသူသစ် ပျမ်းမျှဦးရေမှာ ၁၆၂% အထိ တိုးတက်လာကြောင်း မြန်မာနိုင်ငံ၏ ဦးဆောင်မိုဘိုင်းငွေကြေးဝန်ဆောင်မှုကုမ္ပဏီ Wave Money မှ ထုတ်ပြန်ကြေညာခဲ့သည်။

GSM အဖွဲ့အစည်း (GSMA) ၏ နိုင်ငံတကာ အသိမှတ်ပြု မက်ထရစ်စနစ်ဖြင့် တိုင်းတာတွေ့ရှိချက်အရ မြန်မာနိုင်ငံတွင် အားကောင်းသော ဈေးကွက် အခွင့်အလမ်းနှင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှု အသုံးပြုခြင်းတို့ လျင်မြန်စွာတိုးတက်လာကြောင်းကို Wave Money ၏စွမ်းဆောင်ရည်မြင့်မားမှုအစီအရင်ခံစာမှ ပေါ်လွင်ထင်ဟပ်စေပါသည်။ "တကယ့်ကို စိတ်လှုပ်ရှားစေတဲ့ အောင်မြင်မှုမှတ်တိုင်တစ်ရပ်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ စွမ်းဆောင်မှု တင်မကပါဘူး။ ပြည်သူများ ဒီဂျစ်တယ်နည်းပညာရပ်ကို ဘယ်လောက်ထိ ဘယ်လို လက်ခံအသုံးပြုလာကြသလဲဆိုတာကို ပေါ်လွင်စေတဲ့ အပြုသဘောဆောင်တဲ့ အညွှန်းကိန်းတစ်ခု ဖြစ်နေလို့ပါပဲ။ ကျွန်တော်တို့ရဲ့ *"ပိုမိုကောင်းမွန်သောမြန်မာနိုင်ငံ၏အနာဂတ်သစ်ဖန်တီးရန်"* ဆိုတဲ့ မျှော်မှန်းချက်နဲ့အညီ မိုဘိုင်းငွေကြေးကဏ္ဍက အခုဆိုရင် ပြည်သူတွေရဲ့ နေ့စဉ်ဘဝမှာ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုအဖြစ်နဲ့ တည်ရှိနေတာကို သိလိုက်ရတာ အရမ်းကို ဝမ်းသာမိပါတယ်။"ဟု Wave Money ၏ အမှုဆောင်အရာရှိချုပ် ဖြစ်သူ Brad Jones က ဆိုသည်။

မိုဘိုင်းကွန်ရက် အော်ပရေတာများ၏ ကမ္ဘာ့အကြီးဆုံး အဖွဲ့အစည်းဖြစ်သော GSMA အရ အသုံးပြုလျက်ရှိသော မိုဘိုင်းငွေကြေးအကောင့်တစ်ခုဆိုသည်မှာ ရက်ပေါင်း ၃၀ သို့မဟုတ် ၉၀ အတွင်းတွင် အနည်းဆုံး တစ်ကြိမ် ငွေလွှဲဝန်ဆောင်မှုကို အသုံးပြုလျက်ရှိသည့် မိုဘိုင်းငွေကြေးအကောင့်တစ်ခုဖြစ်သည်။

GSMA ၏ State of the Industry Report (SOTIR) ၂၀၁၉ အစီရင်ခံစာတွင် သုံးစွဲသူများသည် ၎င်းတို့၏ မိုဘိုင်းငွေကြေးအကောင့်များကို မကြာခဏဆိုသလို အသုံးပြုလေ့ရှိပြီး ၎င်းတို့ နေ့စဉ်ဘဝလှုပ်ရှားမှုများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိလျက်ရှိကြောင်း ကောက်နှုတ်ဖော်ပြထားသည်။ ယမန်နှစ်ကုန်ပိုင်းတွင် ၃၇၂ သန်းသော အကောင့်အချို့၏ ၃၅.၈% သည် ရက်ပေါင်း ၉၀ အတွင်းတွင် ဆက်တိုက်အသုံးပြုခဲ့ကြသည်။

နှိုင်းယှဉ်မှုအရ ရက်ပေါင်း ၃၀ နှင့် ရက်ပေါင်း ၉၀ ဆက်တိုက်အသုံးပြုမှု ကွာခြားချက်သည် တစ်စနှင့်တစ်စ ကျဉ်းမြောင်းလာသည်။ အစီရင်ခံစာအရ ရက်ပေါင်း ၉၀ အထိ စဉ်ဆက်မပြတ် အသုံးပြုသော အကောင့်အရေအတွက်၏ ၇၀ ရာခိုင်နှုန်းခန့်သည် လစဉ်ပုံမှန် အသုံးပြုလေ့ရှိကြောင်း တွေ့ရှိရသည်။ GSMA ခန့်မှန်းချက်အရ ၂၀၂၅ ခုနှစ်တွင် လစဉ်ပုံမှန် အသုံးပြုသည့် မိုဘိုင်းငွေကြေး အသုံးပြုသူများသည် ၂၀၁၉ ခုနှစ်အတွင်း ရက် ၉၀ ဆက်တိုက်အသုံးပြုသောအကောင့် ၃၇၀ မီလီယံအား ကျော်လွန်လာမည်ဟုထုတ်ပြန်ခဲ့သည်။

“COVID-19 အခြေအနေတွေဟာ ယခုနှစ်ရဲ့ ဒီဂျစ်တယ်နည်းပညာအပေါ်မှီခိုပြုမှုတွေ ပိုမိုမြင့်တက်လာစေပြီး ဒီလိုကောင်းမွန်တဲ့ ဒီဂျစ်တယ် လူနေမှုဘဝပုံစံတွေကို ဆက်လက်ထိန်းသိမ်းထားရမှာပါ။ ကပ်ရောဂါ အလွန်ကာလတွေမှာလည်း မိုဘိုင်းငွေကြေးသုံးစွဲမှုဟာ ဆက်တိုက်မြင့်တက်နေမှာဖြစ်ပြီး အသုံးပြုသူတွေအနေနဲ့ ငွေကြေးတွေကို လျင်လျင်မြန်မြန်နဲ့ ငွေလွှဲပြောင်း ပေးပို့နိုင်တယ်၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေနဲ့ အလှမ်းဝေးတဲ့ နေရာတွေ ဆီကိုလည်း အလွယ်တကူ လုံခြုံစိတ်ချစွာနဲ့ ပေးပို့နိုင်တယ် စတဲ့ ကောင်းကျိုးတွေကို နှစ်ခြိုက်လာကြပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ပိုမိုကောင်းမွန်ပြီး အားလုံးပါဝင်နိုင်တဲ့ ငွေကြေးစနစ်က သန်းပေါင်းများစွာသော ပြည်သူလူထုတွေရဲ့ဘဝနဲ့ သောင်းပေါင်းများစွာသော ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်တော်ကြီးတွေရဲ့ ဘဝကို ပြောင်းလဲပေးနိုင်ပါတယ်။” ဟု Brad Jones မှ ထပ်မံပြောကြားခဲ့သည်။

Wave Money သည် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကိုယ်စားလှယ်တော်များအား ငွေလွှဲခကော်မရှင် ပေးအပ်နိုင်ခဲ့သည့် ပမာဏမှာ မြန်မာကျပ်ငွေ ၆၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၆ မီလီယံ) ဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၈၉% ခန့် ကွန်ရက်လွှမ်းခြုံထားနိုင်ပြီး မြန်မာနိုင်ငံ၏ အကြီးမားဆုံး မိုဘိုင်းငွေကြေးဝန်ဆောင်မှုအဖြစ် ဈေးကွက်တွင် ရပ်တည်လျက်ရှိသည်။ ပြိုင်ဘက်ကင်းသော ဝန်ဆောင်မှုနှင့် ကျွမ်းကျင်မှုများ၊ ခေတ်မီ နည်းပညာနှင့် ကိုယ်စားလှယ်ပေါင်း ၆၄,၀၀၀ ကျော်ဖြင့် အကျယ်ပြန့်ဆုံး ကွန်ရက်ကို ပိုင်ဆိုင်ထားသော Wave Money သည် သုံးစွဲသူများ၊ အကျိုးတူပူးပေါင်းသူများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုအကျိုးပြုအဖွဲ့အစည်းများ၏ ယုံကြည်မှုများကိုလည်း ရရှိထားသည်။

အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း NGO များသည် ၂၀၂၀ ပြည့်နှစ်အတွင်း ငွေလွှဲပြောင်းမှုပမာဏ၏ သိသာထင်ရှားသော ပမာဏကို ကိုယ်စားပြုလျက်ရှိသည်။ Wave Money သည် အစိုးရ၊ NGO များ၏ တရားဝင် ငွေကြေးလွှဲပြောင်းပေးသည့် ပလက်ဖောင်းတစ်ခုအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ပြီး စက်တင်ဘာလကုန်ပိုင်းအထိ မြန်မာကျပ်ငွေ ၁၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃ မီလီယံ) ကို အကျိုးခံစားခွင့်ရှိသူများထံ အခမဲ့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။ ထို့အပြင် ကပ်ရောဂါကြောင့် ထိခိုက်နစ်နာမှုများသော လူ့အဖွဲ့အစည်းများအတွက် အခမဲ့ ငွေလွှဲပြောင်းဝန်ဆောင်မှုကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ မတ်လမှ စတင်ကာ သိန်းပေါင်းများစွာသော အထည်ချုပ်စက်ရုံအလုပ်သမားများ၊ ပြည်သူ့ဝန်ထမ်းများ နှင့် တောင်သူလယ်သမားများအား WavePay အက်ပလီကေးရှင်းကိုအသုံးပြု၍ ဒီဂျစ်တယ်နည်းဖြင့် ငွေလွှဲပြောင်းပေးမှုများအား စီစဉ်ပေးလျက်ရှိသည်။

Digital Money Myanmar Ltd.
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

**Wave Money အကြောင်း**

Wave Money သည် မြန်မာနိုင်ငံအနှံ့တွင် အေးဂျင့်ဆိုင်ပေါင်း ၆၄၀၀၀ ကျော်နှင့် လည်ပတ်လုပ်ကိုင်နေသော မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် ရှေ့တန်းမှ ဦးဆောင်နေသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည်။ ထို့အပြင် Wave Money သည် Telenor ၊ ရိုးမဘဏ်၊ စင်ကာပူစတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သော Yoma Strategic Holdings တို့နှင့် ဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ၎င်း၏အေးဂျင့်ကွန်ရက်များမှတစ်ဆင့် လွယ်ကူလျင်မြန်၍ အားထားရသော မိုဘိုင်းငွေကြေးဝန်ဆောင်မှုစနစ်ကို ထောက်ပံ့ပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။ Wave Money သည် ငွေကြေး လွှဲပြောင်းခြင်းနှင့် ပတ်သက်၍ တမူထူးခြားသည့် နည်းလမ်းတစ်ခုကို မြန်မာပြည်သူများသို့ မိတ်ဆက်ပေးခဲ့ပြီး သန်းချီသော မြန်မာပြည်သူများကို အွန်လိုင်းမှတဆင့် ငွေကြေးလွှဲပြောင်းသော ဝန်ဆောင်မှုကို ရယူနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ Wave Money ၏ မိုဘိုင်းငွေကြေးဝန်ဆောင်မှုမှတဆင့် နေ့စဉ် မြန်မာပြည်သူ ထောင်နှင့်ချီ၍ မိမိတို့၏ ငွေကြေးများကို အချိန်မရွေး၊ နေရာမရွေး လွယ်ကူလျင်မြန်စွာ လွှဲပြောင်းလာနိုင်ကြသည်။ Wave Money ၏ Call Center များသည် တစ်ပတ် ၇ ရက်၊ တစ်ရက် ၂၄ နာရီ အချိန်ပြည့် လည်ပတ်လျက်ရှိပြီး သုံးစွဲသူများမှ သိရှိလို၍ မေးမြန်းချက်များကို အချိန်ပြည့် ပြန်လည်ဖြေကြားပေးလျက်ရှိသည်။ အသေးစိတ်သိရှိလိုပါက http://www.wavemoney.com.mm သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။

**WavePay အကြောင်း**

Wave Money မှ မိတ်ဆက်လိုက်သော WavePay သည် မြန်မာနိုင်ငံအတွက် ဒီဂျစ်တယ် ငွေကြေးခေတ်သစ်ကို ယူဆောင်လာပေးသော မိုဘိုင်းလ်ပိုက်ဆံအိတ် အက်ပလီကေးရှင်းတစ်ခုဖြစ်သည်။ WavePay ကို ၂၀၁၈ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပြီး မြန်မာပြည်သူများအတွက် နေ့စဉ် ငွေလွှဲလုပ်ဆောင်ချက်များကို မည်သူမဆို အချိန်ကုန်သက်သာပြီး ပိုမို အဆင်ပြေချောမွေ့စေရန်နှင့် ရည်ရွယ်သည်။ ငွေလွှဲဝန်ဆောင်မှု၊ မိုဘိုင်းဖုန်း ငွေဖြည့်ခြင်း၊ လစဉ်ကြေးများ ပေးဆောင်ခြင်း၊ ဈေးငွေပေးဆောင်ခြင်း၊ ဝန်ဆောင်မှုဆိုင်ရာ ငွေပေးချေမှုများ၊ ကုန်ပစ္စည်း ငွေပေးချေမှုများ၊ လက်မှတ်ဝယ်ယူခြင်း နှင့် လှူဒါန်းမှုများကို လုပ်ဆောင်နိုင်သည်။ အခြားသော ဒီဂျစ်တယ် ကုမ္ပဏီများနှင့် ပူးပေါင်း၍လည်း WavePay သည် သုံးစွဲသူများစိတ်တိုင်းကျ စီမံခန့်ခွဲနိုင်မည့် ငွေကြေးဆိုင်ရာနည်းပညာ ဂေဟာစနစ် တစ်ခု နှင့် အဆင်ပြေချောမွေ့သော ဒီဂျစ်တယ် ငွေပေးချေမှု အတွေ့အကြုံကောင်းများကို ပံ့ပိုးပေးနိုင်ရန် စွမ်းဆောင်ပေးလျက်ရှိသည်။